ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
စာအမှတ် ------
ရက်စွဲ ------
နေပြည်တော်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# နေပြည်တော်

## ကြေညာချက်အမှတ် ( ၆ / ၂၀၁၁ )

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၁၁ ခုနှစ်၊ မတ် လ ၁၄ ရက် )

### ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းအား သတ်မှတ်ရက်အတွင်းတင်သွင်းခြင်းမရှိသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့အား အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း သတ်မှတ်ကြေညာခြင်း

၁။ ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သောလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၅နှင့် နည်းဥပဒေများ အပိုဒ် ၇၇ တို့အရ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များ၏အမည်စာရင်းကို ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေသတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ တင်သွင်းရမည်ဖြစ်သည်။

၂။ ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို ဥပဒေနှင့်အညီ တင်သွင်းရန်ပျက်ကွက်သူများအား အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ရန် သင့် မသင့် ဆုံးဖြတ်နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲခုံအဖွဲ့များ ဖွဲ့စည်းစစ်ဆေးစေခဲ့သည်။

၃။ ရွေးကောက်ပွဲခုံအဖွဲ့မှ အောက်ဖော်ပြပါလွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် ရွေးကောက်ပွဲကုန်ကျစရိတ်စာရင်းကို သတ်မှတ်ရက်အတွင်း တင်သွင်းရန်ပျက်ကွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၃(က) အရ အရည်အချင်းပျက်ယွင်းသူများအဖြစ် သတ်မှတ်ဆုံးဖြတ်ခဲ့သည် -

| စဉ် | လွှတ်တော် ကိုယ်စားလှယ်လောင်း အမည် | ရွေးကောက်ပွဲကိုယ်စားလှယ် အမည် | မဲဆန္ဒနယ် |
|---|---|---|---|
| (က) | ဦးထွန်းရွှေ | ဦးဝင်းလှိုင် | ကန့်ဘလူမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် စစ်ကိုင်းတိုင်းဒေသကြီး |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ရွေးကောက်ပွဲကိုယ်စားလှယ် | မဲဆန္ဒနယ်အမည် |
|---|---|---|---|
| (ခ) | ဦးစောမီရယ် | ဦးနေမျိုးကျော် | ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး |
| (ဂ) | ဦးတင်စိုး | မရှိ | ဖြူးမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး |
| (ဃ) | ဦးတင်ဦး | ဦးသိန်းကျော် | သနပ်ပင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး |
| (င) | ဦးစောစင်းဘတ် | မရှိ | ရွှေကျင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ပဲခူးတိုင်းဒေသကြီး |
| (စ) | ဦးအောင်သိန်း | မရှိ | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၃) ပဲခူးတိုင်းဒေသကြီး |
| (ဆ) | ဦးဝင်း | ဦးလှဝင်း | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၁၁) ပဲခူးတိုင်းဒေသကြီး |
| (ဇ) | ဦးစောထွန်းတင် | ဦးစောသောမတ် | ပဲခူးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ပဲခူးတိုင်းဒေသကြီး |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ရွေးကောက်ပွဲကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် |
|---|---|---|---|
| (၈၂) | ဦးပိုလ်ဝင်းရှိန် | ဦးဆလိုင်းနေမင်းရှိန် | အုတ်ဖိုမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ပဲခူးတိုင်းဒေသကြီး |
| (၈၃) | ဦးဌေးဝင်း | မရှိ | မင်းတုန်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး |
| (၈၄) | ဦးတင်ဝမ်း | မရှိ | မြို့သစ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး |
| (၈၅) | ဦးသိန်းညွန့် | ဦးမြင့်ဇော်ညွန့် | နတ်မောက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး |
| (၈၆) | ဦးမျိုးမြင့် | မရှိ | မြိုင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် မကွေးတိုင်းဒေသကြီး |
| (၈၇) | ဦးစိန်ထွန်း | မရှိ | ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး |
| (၈၈) | ဦးအောင်ကြည်သန်း | မရှိ | ဂန့်ဂေါမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး |

| စဉ် | လွှတ်တော်ကိုယ်စားလှယ်လောင်းအမည် | ရွေးကောက်ပွဲကိုယ်စားလှယ်အမည် | မဲဆန္ဒနယ် |
|---|---|---|---|
| (တ) | ဦးစိန်ဝင်း | မရှိ | မြိုင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မကွေးတိုင်းဒေသကြီး |
| (ထ) | ဒေါက်တာသန်းမြင့် | ဦးညီညီကျော် | အမရပူရမြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် မန္တလေးတိုင်းဒေသကြီး |
| (ဒ) | ဦးစောကက်နက်ဝေသော် | မရှိ | ကျိုက်လတ်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ဧရာဝတီတိုင်းဒေသကြီး |
| (ဓ) | ဦးအုန်းလွင် | ဦးရဲနိုင်လင်း | အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ် (၁၁) ဧရာဝတီတိုင်းဒေသကြီး |
| (န) | ဦးချစ်ဝင်းအေး | မရှိ | ဘိုကလေးမြို့နယ်မဲဆန္ဒနယ်(၁) တိုင်းဒေသကြီးလွှတ်တော် ဧရာဝတီတိုင်းဒေသကြီး |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲခုံအဖွဲ့၏ဆုံးဖြတ်ချက်ကိုစိစစ်၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ အပိုဒ် ၈၄ အရ အထက်ပါ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များအားအရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာလိုက်သည်။

၅။ ယင်းသို့အရည်အချင်းပျက်ယွင်းသူများဖြစ်ကြောင်း ကြေညာခြင်းခံရသည့် လွှတ်တော်ကိုယ်စားလှယ် လောင်းများနှင့် ယင်းတို့၏ရွေးကောက်ပွဲကိုယ်စားလှယ်တို့သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈

အရ ယခုကြေညာသည့်နေ့မှစ၍ လက်ရှိလွှတ်တော်သက်တမ်းနှင့်နောက်လာမည့် လွှတ်တော်သက်တမ်းအတွက် ကျင်းပသည့် ရွေးကောက်ပွဲတွင်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်မရှိကြောင်းကိုလည်း အသိပေးကြေညာလိုက်သည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၂ / ရကပ - ၁ / ကမရ
ရက်စွဲ၊ ၂၀၁၁ ခုနှစ်၊ မတ် လ ၃၄ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
လွှတ်တော်ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
တရားရုံးချုပ်
ရှေ့နေချုပ်ရုံး
သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် နှင့် စောင်ရေ ( ၁၈ ) စောင်ကိုပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

( ဝင်းကို )
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်